SHWE THAMIEE PUBLISHING HOUSE

# ရူး ရူး

## ဘယ်မှာ ဘယ်သူ ဘယ်အရာ

# Introduction

“ဘယ်မှာ…” မှန်း မသိတဲ့ နေရာလေးတစ်ခုမှာ “ဘယ်သူ…” စောင့်နေမယ်ဆိုတာ သူမ အသေအချာ သိနေအောင် “ဘယ်အရာ…” က တွန်းအားပေးထားတာလဲ?

---

# ဘယ်မှာ…

ကျွန်မသိတယ်။

သူ… ကျွန်မကို စောင့်နေမှာ။ လုပ်ခဲ့သမျှ ကျွန်မအပြစ်တွေကို အပြုံးနဲ့ သူ… ခွင့်လွှတ်လိုက်မှာ။ သူက ခွင့်လွှတ်နိုင်သူလေ။

နောက်ပြီး သူက ကျွန်မကို ယုံကြည်စွာ၊ မြတ်နိုးစွာ၊ အဆုံးစမဲ့စွာ ချစ်နိုင်သူ။

အဲ့ဒါကြောင့်ပဲ သူ ကျွန်မကို စောင့်နေမှာ သေချာနေတာပေ့ါ။

သူစောင့်နေမှာပါ။

ဘယ်မှာမှန်း မသိပေမယ့် စောင့်တာတော့ စောင့်နေမှာပါ။ တစ်နေရာရာမှာပေ့ါ။

တောင်တန်းပြာတွေရှိတဲ့နေရာမှာလား? မြက်ခင်းစိမ်းတွေရှိတဲ့နေရာမှာလား? ဒါမှမဟုတ် ရေခဲမှုန်တွေပြည့်နေတဲ့ အေးချမ်းတဲ့ နေရာမှာလား?

တစ်နေရာရာမှာတော့ သူစောင့်နေမှာပါ။

အဲ့ဒီနေရာလေးက ဒီကမ္ဘာကြီးထဲမှာ ရှိချင်ရှိမယ်။ ဒါမှမဟုတ် ဒီကမ္ဘာရဲ့ အပြင်ဖက် သူနဲ့ကျွန်မအတွက် သီးသန့်နေရာလေးတစ်ခု အဖြစ်လည်း ရှိချင်ရှိမယ်။

ဘယ်မှာမှန်း မသေချာပေမဲ့ သူ စောင့်နေမှာပါတော့ သေချာပါတယ်။ နောက်ပြီး ကျွန်မလည်း သူ့ဆီကိုပဲ လိုက်သွားဖြစ်မှာပါ။

လိုက်သွားဖြစ်မှာပါ။ လိုက်သွားမှာပါ။

မကြာခင်ပဲ လိုက်သွားတော့မှာပါ။

သူ... ဘယ်မှာပဲ ရှိရှိပေ့ါ။ သူ့အပြုံးလေးရှိတဲ့နေရာကို ကျွန်မ လိုက်သွားဖြစ်မှာပါ။ လိုက်သွားမှာပါ။

---

**ဘယ်သူ...**

"ခွမ်း…"

ကြမ်းပြင်ပေါ်သို့ ကျကွဲသွားသည့် ကော်ဖီခွက်ကွဲသံက အခန်းထဲ စူးရှစွာထွက်ပေါ်လာပါတယ်။ ဒါပေမဲ့ အဲ့ဒီကွဲသံက သူ့နားထဲမှာတော့ မစူးရှပါ။ နောက်ပြီး ဝေဝါးနေပါတယ်။ ကော်ဖီခွက်လေးတစ်ခွက်ကိုတောင် မနိုင်တော့တဲ့ သူ့လက်ဝါးကို သူအံ့သြစွာကြည့်လိုက်တော့… ဘုရား…ဘုရား။ သူ့အမြင်တွေ သိသာစွာဝေဝါးနေပါ၏ ။

"ဖြောင်း… ဖြောင်း… ဖြောင်း…"

ခြောက်ကပ်စွာထွက်ပေါ်လာတဲ့ လက်ခုပ်သံကို သူ လှည့်ကြည့်လိုက်တော့ လက်ခုပ်တီးနေသူက အံ့ယွန်း။

"အံ့ယွန်း…"

အံ့အားသင့်စွာ သူမနာမည်ကိုခေါ်လိုက်စဉ်တွင် သူ့လျှာက လေးလံနေပြီး ပါးစပ်ထဲမှ သွေးက ပွက်ခနဲ။ နောက်ပြီး သူဝတ်ထားသည့် ရှပ်အကျႌအဖြူရောင် ရင်ဘတ်တစ်ခုလုံးလည်း အဲ့ဒီသွေးကြောင့် ရဲခနဲ။

"ဘယ်လိုလဲ? နင် အခုခံစားနေရတဲ့ အရသာက ကောင်းရဲ့လား?"

ဆွဲဆောင်မှုရှိလှတဲ့ သူမနှုတ်ခမ်းထူထူလေးက မဲ့ပြုံးပြုံးပြီး သွေးအေးစွာ သူ့ကိုပြောရင်း ထမင်းစားပွဲပေါ်သို့ တင်မလွဲ သူမ ထိုင်လိုက်လေ၏ ။

သူမကို သူလှည့်ကြည့်နေရင်း သူ့အမြင်တွေက သိသာစွာဝေဝါးပြီး ချာလည်လည်လာပေပြီ။

"မင်း… မင်း…"

သူမထံသို့ ချဉ်းကပ်ဖို့ ပထမခြေလှမ်းစလှမ်းစဉ်မှာပင် သူ့ခြေထောက်နှစ်ချောင်းလုံး ကြမ်းပြင်ပေါ်သို့ ယိုင်လဲကျသွားရပါသည်။

"ဘုန်း…"

သူ့ခန္ဓာကိုယ်ကြီး ကြမ်းပြင်ပေါ်သို့ ကျသွားသည့်အတွက် သူမကိုမြင်နိုင်ရန် သူမော့ကြည့်နေရပါ၏ ။ နှုတ်ခမ်း၊ လက်ဖျား၊ ခြေဖျား အားလုံး ထုံကျင်လေးလံနေပေပြီ။ နှလုံးပေါ်သို့ သုံးပိဿာလောက်လေးသည့် အလေးကြီးတစ်ခု ဖိထားသလိုနှယ်။ ပြင်းထန်သည့်အားအင်တစ်ခုဖြင့် အသည်းကိုဆုတ်ညှစ်ခံထားရသလိုနှယ်။

"ဒီမှာတွေ့လား?"

ပုလင်းအနက်ရောင်လေးတစ်ခုကို သူ့အရှေ့သို့ပြရင်း သူမက မေး၏ ။ သူ နားမလည်စွာသူမကို မော့ကြည့်ရုံမှ အပ တခြားဘာမှ မတတ်နိုင်။ နောက်ပြီး သူ့မျက်ဝန်းက သူမထံမှ အကူညီတစ်ခုခုကိုလည်း တောင်းခံနေမိပါသည်။ ဆေးရုံကားသော်၄င်း၊ အကူညီပေးမည့် နေရာတစ်ခုခုကို သော်၄င်း ဖုန်းဆက်ပေးဖို့ပေါ့။

"နင် ငါ့ဆီက ဘာအကူညီမှ မတောင်းခံနဲ့။ ဘာဖြစ်လို့လဲ သိလား? အခု နင့်ကိုပြနေတဲ့ ပုလင်းက အဆိပ်ပုလင်း။ မဲဆောက်ကနေ သွားဝယ် လာတာ။ နောက်ပြီး အခုန နင်သောက်လိုက်တဲ့ ကော်ဖီထဲမှာ ဒီပုလင်းထဲက အဆိပ်တွေ အကုန်လုံးပါသွားပြီ"

သွေးအေးအေးပြောလိုက်သော သူမစကားကြောင့် သူ့စိတ်ထဲ ထောင်းခနဲ။ အံ့ယွန်းက သူ့ကို အဆိပ်ခတ်လိုက်ပြီတဲ့။ သူ့ကို လွန်စွာချစ် မြတ်နိုးတဲ့ အံ့ယွန်းက အဆိပ်ခပ်လိုက်ပြီတဲ့။ အေးလေ။ အဆိပ်ခပ်ပြီးမှတော့ သူဘာဆက်လုပ်ရတော့မည်နည်း။ နောက်ပြီး ဘာမှလည်း မလုပ် နိုင်တော့။ အခု သူက စကားပင် ပြောနိုင်တော့တာမှ မဟုတ်တာ။

အဆိပ်ကိုဖြေပေးဖို့၊ သူ့အသက်ကို ကယ်ပေးဖို့အတွက် အကူညီတောင်းခံသည့် မျက်ဝန်းများနှင့် အံ့ယွန်းကို သူ ကြည့်နေမိပါ၏ ။ ကြည့်နေစဉ် မှာပင် သူ့ပါးစပ်ထဲမှ၊ နောက်ပြီး နားထဲမှ သွေးက

တစိမ့်စိမ့်ယိုကျနေပေသည်။ ထိုစဉ် သူမ အိတ်ထဲမှ ပုလင်းလေးတစ်ခုကို ထပ်ထုတ်လိုက်ပြန်၏ ။ ဒီပုလင်းလေးကတော့ အကြည်ရောင်။ အထဲက အရည်များကလည်း ရေကဲ့သို့ပင် ကြည်နေ၏ ။

“ဒီပုလင်းထဲက အရည်တွေက အခုန နင်သောက်ထားတဲ့ အဆိပ်တွေကို ဖြေပေးနိုင်တယ်။ အဆိပ်ဖြေဆေးပေ့ါ…”

ကြားလိုက်ရသည့်စကားကြောင့် သူ အားတက်သွား၏ ။ သေရတော့မည့်စဲစဲ သူမ သူ့ကို အသက်ပြန်ကယ်တော့မည်ပေ့ါ။ အင်းပေ့ါ။ သူမ သူ့ကို ဘယ်သတ်ရက်မလဲ။ သူက သူမရင်ခုန်သံများအားလုံးကို အပိုင်ဆီးထားတဲ့ လူပဲ။ သူမ ရင်ခုန်သံတွေကို တဖန်အသက်ဝင်လာအောင် ဖန်တီးနိုင် ခဲ့တဲ့လူပဲ။ ဘယ်သတ်ရက်မလဲ။

“နင်… ဒီပုလင်းကို ငါ့ဆီက လိုချင်နေတယ် မဟုတ်လား?”

သူ မျက်ခွံမှိတ်ပြပြီး အချက်ပေးရုံသာ တတ်နိုင်တော့၏ ။

“ဒါပေမဲ့ ငါ နင့်ကို ဒီပုလင်း လုံးဝ မပေးနိုင်ဘူး။ ဘာဖြစ်လို့လဲ သိလား? ငါ နင့်ကို သတ်ချင်လို့။ ငါ့လက်ချက်နဲ့ နင့်ကို သေစေ့ချင်လို့”

သူမ ပြောရင်း စားပွဲပေါ်မှ ပြန်ဆင်းကာ အနီးရှိ ဘေစင်ထဲသို့ အဆိပ်ဖြေဆေးပုလင်းကိုဖွင့်ပြီး အဆိပ်ဖြေဆေးများကို သွန်ချလိုက်ပါသည်။

နောက်ပြီး Faucet (ဘုံပိုင်ခေါင်း) ကိုဖွင့်ကာ အဆိပ်ဖြေဆေးများကို ရေဖြင့် သန့်စင်အောင်ပင် ရှင်းလင်းလိုက်သေး၏ ။

“ငါ ဒီအဆိပ်ကိုဝယ်တုန်းက အဆိပ်ဖြေဆေး တစ်ပုလင်းပဲပေးတာ။ အခုတော့ အဲ့ဒီဖြေဆေးတွေ ရေပိုက်ခေါင်းထဲ ပါသွားပြီ။ နင့်အတွက် အသက်ရှင်ဖို့ နည်းလမ်းမရှိတော့ဘူး”

သွေးအေးစွာပြောလိုက်သည့် သူမကို သူ ငေးကြည့်မိနေ၏ ။

သေချာပါပြီ။ သူမထံတွင် သူ့အသက်ကိုရှင်အောင်လုပ်ပေးဖို့ အကူညီဘယ်လိုမှရတော့မည်မဟုတ်။ တခြားတစ်ယောက်ယောက်ကို အကူညီတောင်းဖို့ကလည်း သူဘယ်လိုမှ မအောင်နိုင်။ စကားတစ်ခွန်းပြောဖို့ ပါးစပ်ဟလိုက် တိုင်း သူ့ပါးစပ်မှ သွေးများ ပွက်ခနဲ။ ပွက်ခနဲ။

"နင် သေလိုက်တော့။ ဒါပေမဲ့ နင့်လိုလူအတွက် တမလွန်ဆိုတာ ရှိ့ပါမလားတောင် မသိဘူး"

မဲ့ပြုံးပြုံးကာ သူ့ကို စိန်ပြေနပြေကြည့်ရင်း ပြောလိုက်သည့် သူမ မျက်ဝန်းတွင် မျက်ရည်စအချို့တော့ ရှိနေပါတယ်။ ဒါပေမဲ့ အဲဒီ့ မျက်ရည်တွေက သူ့ကို သနားလို့၊ သူ့အတွက် စိတ်မကောင်းလို့ ကျဆင်းနေသည့် မျက်ရည်များတော့ မဟုတ်။

မိန်းကလေးတစ်ယောက်က သူ့အရှေ့တွင် လူတစ်ယောက်က သူခပ်တဲ့ အဆိပ်မိပြီး သွေးအိုင်ထဲမျောနေရသည့်အဖြစ်။ တွေးကြည့်ပါ။

ဘယ်လောက် စိတ်လှုတ်ရှားဖို့ကောင်းလိမ့်မည်နည်း။ ဘယ်လောက် နှလုံးနာလိမ့်မည်နည်း။ တချို့မိန်းကလေးတွေဆိုရင် ဒီလိုမြင်ကွင်းမျိုးကို ဘယ်နည်းနဲ့မှ ကြည့်နိုင်လိမ့်မည် မဟုတ်။ သူမကရော... သူမလည်း မိန်းကလေးတစ်ယောက်ပဲလေ။ အဲဒါကြောင့် လူတစ်ယောက် သွေးအလိမ်းလိမ်းနဲ့ သေအံ့ဆဲဆဲဖြစ်နေတာကြီးကို ကြည့်ပြီး ကြောက်လန့်စိတ်ကြောင့်သာ မျက်ရည်ဝဲ့နေခြင်းဖြစ်ပါ၏ ။

နောက်ပြီး သူမ အဆိပ်ခပ်ထားတဲ့လူက သူမ သိပ်ချစ်မိခဲ့ရသောလူ။ သူမ စိတ်ကို လှုတ်ရှားစေနိုင်သောလူ။ သူ့ကြောင့် အရာရာကိုဖြတ်ကျော်ဖို့ သူမကို အားအင်ပေးခဲ့သောလူ။

ဒါပေမဲ့ အခုတော့ သူသည် သူမအရှေ့တွင်ပင် သူမ ခပ်သည့်အဆိပ်မိပြီး သွေးအိုင်ထဲတွင် အသက်မဲ့သွားလေပြီ။

ငြိမ်သက်သွားသော သူ့ကိုကြည့်ပြီး သူမ သွေးအေးစွာပြုံးလိုက်မိ၏ ။ နောက်ပြီး ပါးပြင်သို့ စီးကျလာသည့် မျက်ရည်ပူများကို ခပ်ပြင်းပြင်း ဖိသုတ်လိုက်ကာ အသက်မဲ့နေသော သူ့ခန္ဓာကိုယ်ကို ကျောခိုင်းလျက် အခန်းထဲမှ လှည့်ထွက်သွားခဲ့ပါတော့သည်။

အခန်းထဲတွင် အသက်မဲ့သွားသည့် သူ့ခန္ဓာကိုယ်နှင့်အတူ ကော်ဖီခွက်၏ ဖန်ကွဲအပိုင်းအစများသာ ကျန်ရစ်ခဲ့ပါတော့သည်။

----------------------------------------------------------

## ဘယ်အရာ...

တွန့်ဆုတ်၊ တွန့်ဆုတ်လုပ်တတ်သူ။ နောက်ပြီး အများပြောသမျှကို နားထောင်နေရတဲ့သူ။ အဲ့လိုလူမျိုးက ဘယ်သူပြောတာမှ နားမထောင်ပဲ လုပ်ချင်တာကို မျက်စိမှိတ်၊ ဆင်ကန်းတောတိုးသဖွယ်လုပ်နိုင်သွားအောင် “ဘယ်အရာ...” ကတွန်းအားပေးနိုင်မလဲ?

ဘဝအချိန်ရဲ့ ၄ ပုံ ၂ ပုံခန့်အချိန်ကို မိဘစကားနားထောင်ပြီး လူလိမ္မာတစ်ယောက်အဖြစ် အသက်ရှင်လာပြီးမှ အဲ့ဒီလူက မိဘအသိုင်းဝိုင်း စကားကို တွန်းလှန်၊ သူဖြစ်ချင်တဲ့ Life Style ကို အကောင်ထည်ဖော်ရဲအောင် သူ့ကို “ဘယ်အရာ...” က အားအင်တွေပေးလိုက်တာလဲ?

တစ်ချိန်လုံး ဘဝပန်းတိုင်းကို သတ်မှတ်ဖို့မေ့နေတဲ့လူတစ်ယောက်။ ကြုံရာကျပန်းပျော်အောင်နေတတ်တဲ့ လူတစ်ယောက်။ အဲ့လိုလူက အေးချမ်းတဲ့ ဘဝလေးတစ်ခုကို တည်ထောင်ချင်သွားအောင်၊

တည်ငြိမ်တဲ့ဘဝလေးတစ်ခုကိုတမ်းတ တတ်သွားအောင် "ဘယ်အရာ..." က လမ်းပြပေးလိုက်တာလဲ?

မမက်မောသူကို မက်မောတတ်အောင်...

မပြုံးတတ်တဲ့သူကို ပြုံးတတ်အောင်...

ခက်ထန်တဲ့သူကို နူးညံ့အောင်...

မာကျောတဲ့သူကို ပျော့ပြောင်းအောင်...

တည်ငြိမ်တဲ့လူကို လှုပ်ရှားအောင်...

အေးချမ်းတဲ့သူကို ပူလောင်အောင်...

"ဘယ်အရာ..." ကများ ပြောင်းလဲပေးနိုင်တာလဲ?

*

# အခန်း (၁)

မီးပွိုင့်က စိမ်းနေသဖြင့် ကားများက သူ့ထက်ငါ ဦးအောင် အလျှင်လိုစွာဖြင့် ပွိုင့်ကို ဖြတ်သန်းမောင်းနှင်နေကြပါသည်။ ထို့ကြောင့် ကားလမ်းကူးမည့်လူများ မကူးရဲသေးပဲ မီးပွိုင့်နီအောင် ပလိပ်ဖောင်းထိပ်တွင် ရပ်စောင့်နေကြရ၏ ။ ပထမ သူ ထိုပလိပ်ဖောင်းကို စတင်ရောက်လာတုန်းက သူနှင့်အတူ လူ ၃ ယောက်သာ ရှိသော်လည်း တဖြည်းဖြည်းရောက်လာသည့် လူများကြောင့် လူဦးရေက ၉ယောက် ထက်မနည်း ရပ်စောင့်နေကြရပါသည်။

ထိုစဉ် လူတစ်ယောက်။ သေသေချာချာပြောရမယ်ဆိုရင် မိန်းကလေးတစ်ယောက်။ ကားလမ်းကူးရန် ပလိပ်ဖောင်းထိပ်တွင် တခြားလူများကဲ့သို့ မီးပွိုင့်နီအောင် မစောင့်ပဲ ရပ်နေသည့် လူများကိုတိုးဝှေ့ကာ ပလိပ်ဖောင်းရှေ့ဆုံးသို့ထွက်လာသဖြင့် ထိုမိန်းကလေးနှင့် သူ ပုခုံးချင်းတိုက်မိသွား ၏ ။ သို့သော် မိန်းကလေးက သူ့ကို သတိပင် မထား။ သူကတော့ ထိုမိန်းကလေးကို လှည့်ကြည့်ဖြစ်သွားပါသည်။

မိန်းကလေးက သူ့ကိုသာမက အရှိန်ဖြင့် ပွိုင့်ကို ဖြတ်သန်းနေသည့် ကားများကိုလည်း သတိမထား။ ပလိပ်ဖောင်းထိပ်သို့ရောက်သည်နှင့် သူမ ခြေလှမ်းအရှိန်ကို မလျှော့ပဲ ကားလမ်းကူးရန် ဆက်လှမ်းနေ၏ ။

သူမကိုကြည့်ပြီး သူ ရုတ်တရက်တော့ ကြောင်သွားပါသည်။ ဒီလောက် ကားတွေဖြတ်မောင်းနေတဲ့ နေရာတစ်ခုကို ဘယ်၊ ညာမကြည့်ပဲ မျက်စိ စုံမှိတ်ပြီး မျက်ကန်းတစ်ယောက်လို ကားလမ်းကူးဖို့လုပ်နေသည့် သူမ လုပ်ပုံက ကိုယ့်ကိုယ်ကို သတ်သေသည်နှင့် ဘာမှ မခြား။

သူမလည်း ကတ္တရာလမ်းပေါ် ခြေလှမ်းအချ။ သူမရှေ့မှ ကားတစ်စီးလည်း ဂီကနဲအဖြတ်။ သူမလက်မောင်းကို သူ လှမ်းဆွဲကာ သူ့ဖက်သို့ ဆွဲခေါ်လိုက်ရ၏ ။

"ဘာလုပ်တာလဲ? သေချင်လို့လား?"

အရှိန်မလျော့ပဲ ဖြတ်မောင်းသွားသည့် ကားမှ ဆဲဆိုသံ။

"မင်း... ဒါဘာလုပ်တာလဲ။ သေချင်လို့လား?"

ဆွဲခေါ်လိုက်သဖြင့် ပလိပ်ဖောင်းဖက် ပြန်ရောက်နေပြီဖြစ်သော သူမ လက်ဖဝါးကို အားဖြင့် စောင့်ကာ လွှတ်ချရင်း သူ မကျေနပ်စွာ ပြောလိုက် မိ၏ ။ သူမ လုပ်ပုံကြောင့် ကားလမ်းကူးဖို့စောင့်နေသည့် လူများလည်း ဟာခနဲ၊ ဟင်ခနဲ။

မကျေနပ်စွာ အော်လိုက်မိသော သူ့ကို သူမ လှည့်ကြည့်၏ ။ ပြီးတော့ ပြုံးတယ်။ နောက်... သဘောကျသလို ရယ်လိုက်ပြန်သည်။

ထိုစဉ် မီးပွိုင့်နီသွားပေပြီ။ ကားများအားလုံး အဝါရောင်စည်းအနောက်ဖက်တွင် ရပ်ကုန်ကြပေပြီ။

သူမ ချာခနဲလှည့်ကာ ကားလမ်းဖြတ်ကူးသွားပါ၏ ။ နောက်သို့တစ်စက်လေးမျှပင် လှည့်မကြည့်။

ကားလမ်းကူးဖို့ စောင့်နေသည့် လူများလည်း ကိုယ်စီကိုယ်စီ ကူးသွားပေပြီ။ သို့သော် သူကတော့ ပြုံးပြီးရယ်လိုက်တဲ့ မိန်းကလေးကို ငေးကြည့် နေရင်း ကားလမ်းဆက်မကူးဖြစ်။ ခဏတော့ အသက်မဲ့သွားသလိုနှယ်။ ပလိပ်ဖောင်းထိပ်တွင် ဆက်ကာ ရပ်နေမိသဖြင့် နောက်တစ်ခါ မီးပွိုင့်က ပြန်လည်စိမ်းသွားပါတော့သည်။

ထို့ကြောင့် သူ့အရှေ့မှ ကားများ ဂီခနဲ။ ဂီခနဲ ဆက်ကာ ကူးလူးမောင်းနှင်နေကြပြန်၏ ။

သူ သဘောကျသလို တစ်ချက်ပြုံးလိုက်မိ၏ ။ ခဏလေးသာ မြင်လိုက်ရတဲ့ သူမအပြုံးလေးက သူ့ဦးနှောက်ထဲမှာ စွဲထင်နေပြီလေ။

နောက်ပြီး နောက်တစ်ခါ မီးပွိုင့်ပြန်နီဖို့အတွက် ဆက်ပြီး ရပ်စောင့်ရဦးမည်ပဲ။ သူ မီးပွိုင့်ကို လှမ်းကြည့်လိုက်တော့ ပွိုင့်မီးက စိမ်းနေဆဲ။

*

တိုက်ကတော့ ခပ်အိုအိုပါ။ အဝါရောင်ဖြင် ဆေးခြယ်ထားသည်။ ဒီလို တိုက်အထပ်ကြီးရဲ့ ဒုတိယမြောက်အထပ်မှာ ပန်းချီသင်တန်းဖွင့်လိမ့်မည် ဟု ဘယ်သူထင်မှာတဲ့လဲ? ပန်းချီသင်တန်းရှိနေတဲ့ တိုက်အရောင်က မှေးမှိန်လွန်းနေပါသည်။

သူ ပန်းချီကို စိတ်ဝင်စားသဖြင့် အဝါရောင်းဆေးမှိန်နေတဲ့ တိုက်ကို ခဏတော့ မော့ကြည့်ဖြစ်ပါသည်။ နောက်ပြီး တိုက်ကြီးကို သူ့စိတ်ထဲက အတိုင်း စိတ်ကြိုက်ဆေးချယ်နေမိပြန်သည်။ နောက်ပြီး သူ ပြုံး၏ ။ အခုဆို သူ့အမြင်ထဲတွင် တိုက်အရောင်က တော်တော့်ကို လှပသွားပြီပဲ။

သို့သော် အမှန်တွင်တော့ တိုက်အရောင်က ဒီအတိုင်း။ ဘာမှမပြောင်းလဲ။

သူ စီးလာတဲ့ စက်ဘီးလေးကို တိုက်အောက်တွင်ရပ်၊ သော့ခတ်ပြီး ဒုတိယထပ်သို့ တက်ခဲ့လိုက်ပါသည်။

အခန်းထဲသို့ဝင်သည်နှင့် ဧည့်ကြိုကောင်တာတွင် ပိန်သောလူတစ်ယောက်ထိုင်နေပါသည်။ ထိုလူက မျက်မှန်အသေးစားလေးတစ်ခုကိုလည်း တပ်ဆင်ထားပါသေးသည်။

"အကို..."

သူ့ထက် အသက်ကြီးမယ်ထင်သောကြောင့် သူ ယဉ်ကျေးစွာခေါ်လိုက်တော့ ထိုလူက သူ့ကိုမော့ကြည့်ပါသည်။

"မနေ့က ကျွန်တော်ဖုန်းဆက်ထားတယ်လေ။ သင်တန်းတက်ချင်လို့ဆိုပြီး။ ကျွန်တော့်နာမည် ဧသု လေ"

မမှတ်မိသလိုကြည့်နေသော ထိုလူကို နာမည်ပြောရင်း သူ မိတ်ဆက်လိုက်မှ ထိုလူပြုံးလိုက်၏ ။

"အော်... အေး။ သိပြီ။ သိပြီ။ မနေ့နေ့လည်လောက်တုန်းကဖုန်းဆက်တဲ့တစ်ယောက်... ဟုတ်တယ်နော်"

"ဟုတ်ကဲ့"

"မောင်ဧသု... ဟုတ်တယ်နော်"

"ဟုတ်ကဲ့"

"အေး... အကို့နာမည်ကိုလည်း မှတ်ထားဦး။ ဝန်းရံတဲ့"

"ဟုတ်ကဲ့။ ကျွန်တော် ကိုဝန်းရံလို့ပဲ ခေါ်မယ်နော်"

"ဖြစ်ပါတယ်ကွာ။ ဒါနဲ့... ဒီသင်တန်းကို သင်ပေးမယ့်ဆရာက အကိုပဲကွ"

ပြုံးရင်းပြောလိုက်သော ကိုဝန်းရံကို သူ အားနာသွားမိပါသည်။ ဆရာကို ဆရာလို့ပဲ ခေါ်သင့်တယ်မဟုတ်ပါလား။

"အာ... ဒါဆို ကျွန်တော် ကိုဝန်းရံလို့မခေါ်တော့ဘူး။ ဆရာလို့ပဲခေါ်တော့မယ်"

"ဒါတော့ မင်းသဘောပါပဲ။ သင်တန်းချိန်က ညနေ ၄ နာရီကနေ ည ၆

နာရီအထိ။ တကယ်လို့ ဆက်ပြီး လေ့ကျင့်ချင်သေးတယ်ဆိုရင် ည ၈ နာရီအထိ လေ့ကျင့်ခွင့်ရမယ်။ အပတ်တိုင်း တနင်္လာနဲ့ အင်္ဂါပဲ ပိတ်တယ်”

“ဟုတ်ကဲ့”

“သင်တန်းသားတွေက မင်းနဲ့မှ အားလုံး သုံးယောက်ပဲ ရှိတယ်”

“ဟုတ်ကဲ့”

သူ သင်တန်းကြေးကို ရှင်းပေးလိုက်ပါသည်။

“ကျွန်တော့်ကို ခွင့်ပြုပါဦးဆရာ…”

သူ ပြောပြီး လှည့်ထွက်တော့ ဆရာက ပြုံးလိုက်ပါသည်။

“မင်း ဘယ်သွားမလို့လဲ?”

“ကျွန်တော် ပြန်တော့မလို့လေ”

“မင်းကိုပြောထားတယ်လေ။ ညနေ ၄ နာရီကနေ ည ၆ နာရီအထိလို့။ နောက်ပြီး ဒီနေ့က ဗုဒ္ဓဟူးနေ့။ သင်တန်းရဲ့ ပထမဦးဆုံးနေ့မှာ မင်းက သင်တန်း လစ်မလို့လား?”

ပြုံးရင်းမေးလိုက်သော ဆရာ့စကားကြောင့် သူ သတိထားမိလိုက်ပါသည်။ ဟုတ်သားပဲ။ ဒီနေ့က ဗုဒ္ဓဟူးနေ့။

“သွား… ဒီဖက်က။ အဲ့ဒီမှာ အခန်းတစ်ခုတွေ့လိမ့်မယ်။ အဲ့ဒီအထဲမှာ ဝင်ထိုင်နေ။ နောက်ပြီး စာရွက်အလွတ်ပေါ်မှာ မျဉ်းဖြောင့်၊ မျဉ်းကွေး တွေ ဆွဲနေ”

“ဟုတ်ကဲ့”

ဆရာ့ကို ခေါင်းဆတ်ပြပြီး ဆရာပြောပြသည့် အခန်းဆီသို့ လျှောက်ခဲ့လိုက်ပါသည်။

သူ အခန်းထဲသို့ဝင်၊ အိတ်ထဲတွင် အဆင်သင့်ပါလာသည့်

ပုံဆွဲစာအုပ်ကိုထုပ်ကာ စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်ပြီး တတ်သလောက်၊ မှတ်သလောက် ဆွဲနေမိပါသည်။

ခဏကြာတော့ ခြေသံတစ်စုံကိုကြားလိုက်ရ၏ ။ ခြေသံဆိုတာထက် ခြေထောက်ကို မြောက်အောင် မမြောက်ပဲ ကြမ်းပြင်နှင့် ရှပ်တိုက်လျှောက်တဲ့ ဖိနပ်ရှပ်တိုက်သံ။ အဲ့ဒီ ရှပ်တိုက်သံက အခန်းဖသို့ရောက်လာသောကြောင့် သူ လှည့်ကြည့်လိုက်မိပါသည်။

ခြေသံရှင်ကိုမြင်လိုက်ရတော့ သူ့နှုတ်ခမ်းနှစ်ခု ခပ်ဟဟဖြစ်သွားရတဲ့အထိ အံ့အားသင့်သွားရပါသည်။

မီးပွိုင့်မှာ ကိုယ့်ကိုယ်ကို သတ်သေဖို့ကြိုးစားတဲ့ မိန်းကလေး။

သူမက အခန်းထဲဝင်လာပြီး သူ့အရှေ့တွင်ရပ်လိုက်ပါသည်။ ထို့ကြောင့် သူ သူမကို မော့ကြည့်နေရ၏ ။

“ကယ်တင်ရှင်ဟီးရိုးကြီး”

ခပ်ဟဟပြုံးရင်း ရွဲ့သလိုခေါ်လိုက်တဲ့ သူမအသံက ကြည်လင်အေးချမ်းလှ၏ ။

“ဒီအခန်းထဲမှာ ဘယ်သူမှ သတ်သေဖို့ ကြိုးစားမှာ မဟုတ်ဘူး။ ဒီတော့ နင် ပြန်တော့”

သူမအသံက ကြည်လင်အေးချမ်းသော်လည်း ပုံမှန်ထက်တော့ လေးလံနေ၏ ။ နောက်ပြီး မေးစင်းစင်း မျက်ဝန်း။ သူမ မူးရစ်စေသည့် အရာတစ်ခုခုကို သောက်သုံးထားတယ်ဟု သူ တွေးလိုက်မိပါသည်။

“ငါက ဒီမှာ သင်တန်းလာတက်တာ”

“ဖြောင်း… ဖြောင်း… ဖြောင်း…”

သူ့စကားဆုံးတော့ သူမက အရွဲ့တိုက်သလိုလိုဖြင့်

လက်ခုပ်တီးပြန်သည်။ ဒါဘာလုပ်တာလဲပေါ့။ သူ နားမလည်စွာ သူမကိုကြည့်လိုက်မိပြန်၏ ။

“ဘာအတွက် လက်ခုပ်တီးတာလဲ?”

“သင်တန်းသား တစ်ယောက်တိုးလို့လေ။ ပျော်လွန်းလို့”

“အော်…”

အံ့တော့ အံ့ဩစရာ။ ခဏတာလေးသာတွေ့ခဲ့ပေမဲ့၊ ထွက်သွားပြီး လှည့်တောင် မကြည့်ပေမဲ့ သူ့ကို သူမက မှတ်မိနေပါ၏ ။

အခုလည်း သူ့ကိုကျောခိုင်းပြီး သူ့အရှေ့ခုံတန်းတစ်ခုအကျော်က စားပွဲတွင် သူမ ဝင်ထိုင်လိုက်ပါသည်။

“နင့် နာမည်ဘယ်လိုခေါ်လဲ?”

သူမကို သူ လှမ်းကြည့်ကာ မေးလိုက်သော်လည်း သူမကတော့ သူ့ကို ကျောခိုင်းထားလျက်။ စာအုပ်တစ်ခုကို အသည်းအသန်ထုတ်ရင်းပြန် လေသည်။

“ခေါ်ချင်သလိုခေါ်”

“မဟုတ်ဘူးလေ။ ငါက နင့်နာမည်အရင်းကို သိချင်တာ”

“နင့်နာမည်ကရော?”

သူ့ဖက်သို့ မလှည့်ပဲ ကျောခိုင်းရင်းသာ သူမ ပြန်ပြောနေခြင်းဖြစ်လေသည်။

“သေု။ နင့်နာမည်ကရော?”

“အံ့ယွန်း”

“အံ့ယွန်း? ဘယ်လိုလဲဟ။ နာမည်က”

"အဲ့ဒါကြောင့်ပြောတာ။ ခေါ်ချင်သလိုခေါ်လို့..."

သူနဲ့ စကားသာ ပြန်ပြောနေသော်လည်း သူမက စာအုပ်ပေါ်တွင် ပုံစဆွဲနေပြီဖြစ်ပါသည်။

"ငါကတော့ အံ့လို့ပဲ ခေါ်မယ်"

"နင့်သဘောပဲ"

"နင်ရော... ငါ့ကို ဘယ်လိုခေါ်မှာလဲ?"

"ခေါ်ဖို့ကို စိတ်ကူးမရှိဘူး"

သူမစကားကြောင့် သူ ပြုံးလိုက်မိပါသည်။ ထိုစဉ် စာသင်ခန်းထဲသို့ ဆရာဝန်းရံ ဝင်လာပါသည်။

"ကဲ... သင်တန်းစရအောင်"

"တခြားသင်တန်းသားတွေကို မစောင့်တော့ဘူးလားဆရာ?"

သူ လျှာရှည်စွာမေးတော့ ဆရာက ပုခုံးတွန့်လိုက်၏ ။

"ပထမဦးဆုံးနေ့မို့လို့ မလာတာဖြစ်မှာပေ့ါ။ သူတို့ကို မစောင့်တော့ဘူး"

ပြောပြီး ဆရာက သင်တန်းပထမဦးဆုံးနေ့အနေနှင့် ခဲတံကို ဘယ်လိုကိုင်၊ မျဉ်းဖြောင့်၊ မျဉ်းကွေး၊ မျဉ်းမတ်ကို ဘယ်လိုဆွဲ အစရှိသဖြင့် သင်ပေးပါသည်။ ဆရာ စာသင်နေစဉ်တွင် အံ့ယွန်းက စာကို စိတ်မဝင်စား။ ပုံဆွဲစာအုပ်မှ စာရွက်များကို အစိပ်စိပ်အမွှာမွှာဖြစ်အောင် ဖြစုတ်နေ ၏ ။

သို့နှင့် သင်တန်းချိန်ပြီးသွားပေပြီ။ အံ့ယွန်းက ဘယ်သူ့ကိုမှ နှုတ်မဆက်ပဲ ချက်ချင်းပင် ထပြီး ပြန်သွားပါ၏ ။

သူမကို ငေးကြည့်ရင်း အတွေးထဲသို့ မေးခွန်းများ ပြေးဝင်လာပါသည်။ သူမ ဘယ်ကလဲ? ဘယ်သူလဲ? နောက်ပြီး သူမက ဘာလဲ?

"ဆရာ… အခုနအံ့ယွန်းဆိုတဲ့ မိန်းကလေးက သင်တန်းသူ အသစ်လား?"

"သင်တန်းတက်နေတာတော့ကြာပြီ"

"သူက ဘယ်လိုလေးလဲ မသိဘူးနော်"

"နေတာတော့ ခပ်အေးအေးပါပဲ။ ထူးဆန်းတာကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်တာပဲ။ လာတက်ချင်ရင်တက်တယ်။ မတက်ချင်ရင် မတက်ဘူး။ စကားပြောချင်ပြောတယ်။ မပြောချင်မပြောဘူး။ နောက်ပြီး ကြိုးစားမှုလည်း မရှိဘူး။ သူ့ကို ဆရာက ကြိုးစားပြီးသင်ယူဖို့ပြော တော့ သူက ဒီသင်တန်းမှာ အချိန်လာဖြုန်းခြင်းသက်သက်ပဲတဲ့။ ပန်းချီကိုလည်း စိတ်မဝင်စားဘူး၊ ပန်းချီနဲ့လည်း ငွေရှာစားမှာ မဟုတ်ဘူးတဲ့"

"ဒါဆို ဆရာက သူ့ကို စိတ်မဝင်စားမှတော့ လာမသင်နဲ့လို့ ပြောလိုက်ပါလား?"

"မသင်နဲ့လို့ပြောလိုက်တော့ သူက သင်ချင်လို့ လာသင်တာတဲ့။ စိတ်တော့ မဝင်စားဘူးတဲ့။ ကဲ… ငါ ဘာဆက်ပြောမလဲ?"

ဆရာ့မေးခွန်းကို သူလည်း မဖြေတတ်ပါ။ ထို့ကြောင့် ပြုံးရုံသာပြုံးလိုက်မိ၏ ။ ဆရာကတော့ စိတ်ပျက်သလို ပုခုံးတွန့်ပြီး အခန်းထဲမှထွက်သွားပါ သည်။ သူလည်း သိမ်းစရာရှိသည်များကို သိမ်းကာ အခန်းထဲမှ ထွက်ခဲ့လိုက်ပါတော့သည်။

အပြန်လမ်းတွင် သူ စက်ဘီးနင်းလာရင်း ငိုက်စိုက်စိုက်နှင့် လမ်းလျှောက်နေတဲ့ သူမကို သူတွေ့လိုက်ရပါသည်။ သူမဘေးတွင် သူ စက်ဘီးကို အရှိန်လျှော့ လိုက်မိသည်။

"လူတွေခြေထောက်နဲ့ လျှောက်ရတဲ့ ပလိပ်ဖောင်းပေါ်မှာ ကိုယ်က

စက်ဘီးနင်းပြီးသွားရတဲ့ အရသာကို နင်သိလား?”

သူ့အသံကို သူမ ကြားပါ၏ ။ သို့သော် သူ့ကိုတော့ လှည့်မကြည့်။

“မသိဘူး”

“သိချင်တယ်ဆိုရင် လိုက်ခဲ့။ နင့်ကို ငါ့စက်ဘီး စီးခွင့်ပြုမယ်”

သူ့စကားကြောင့် သူမ ခြေလှမ်းများရပ်ကုန်၏ ။ ပြီးတော့ သူ့ကိုလှည့်ကြည့်ပြီးပြုံးပါသည်။

“ငါ့ကို အိမ်လိုက်ပို့ပေးမယ်ပေါ့”

“ဒါပေါ့”

“ဒါဆို အတော်ပဲ။ လိုက်ပို့”

သူမ သူ့စက်ဘီးနောက်သို့ စွေ့ခနဲ တက်ထိုင်လိုက်သဖြင့် သူပင် ကြောင်တောင်တောင်ဖြစ်ချင်သွားပါသည်။ သူမကို ခေါ်ရတာ ဒီလောက်လွယ် လိမ့်မယ်ဟု သူမ မထင်ထားပဲ။

သို့နှင့် သူ စက်ဘီးကို ဟန်ချက်ညီညီနင်းခဲ့လိုက်ပါသည်။ သို့သော် ထူးဆန်းသည်က သူမသည် အိမ်ဘယ်မှာ ရှိသည်ကို လုံးဝ မပြောချေ။

“နင့်အိမ်က ဘယ်မှာလဲ?”

“သူ့ဘာသူ ရှိချင်တဲ့ နေရာမှာ ရှိမှာပေါ့။ နင်းမှာသာ နင်းစမ်းပါ”

သူမပြောသဖြင့် သူ ဘာမှ ပြန်မပြောပဲ ဆက်နင်းခဲ့လိုက်ပါသည်။

လမ်းစုံတစ်နေရာရောက်တော့… သူမက သူ့ပုခုံးကို ပုတ်၏ ။

“ရပ်တော့။ ငါဒီမှာဆင်းမှာ”

ပြောပြီး စက်ဘီး မရပ်သေးခင်မှာပဲ စက်ဘီးပေါ်မှ ခုန်ချလိုက်ပါသည်။

သူ စက်ဘီးကို ဘရိတ်ညှစ်ပြီးရပ်လိုက်ရ၏ ။

"သွားပြီ"

"နင့်အိမ်အထိ လိုက်ပို့ပေးမယ်လေ"

"ငါ့အိမ်ကို သူများတွေကို ပြလေ့၊ ပြထ မရှိဘူး။ သွားပြီ"

ပြောပြီး သူမ သူ့အရှေ့က ထွက်သွားပါသည်။ သူ နောက်ယောင်ခံလိုက်သွားမိသော်လည်း သူမ အရိပ်ကိုပင် မတွေ့တော့။ ခြေရာပျောက် အတော်မြန်တဲ့ အံ့ယွန်းပါလား။

*